၇။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

ညွှန်ကြားချက်အမှတ်၊ (၁/၂၀၂၀)

နေပြည်တော်၊ ၁၃၈၁ ခုနှစ် တပို့တွဲလဆန်း (၃) ရက်

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၂၇) ရက်

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ ပုဒ်မ ၆၈ ပုဒ်မခွဲ (ခ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများက နိုင်ငံ့ဝန်ထမ်းနှင့် ပြင်ပပုဂ္ဂလိကကုမ္ပဏီဝန်ထမ်းများအား ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို သတ်မှတ်လိုက်သည်။

၂။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် သတ်မှတ်ထားသော ချေးငွေအရွယ်အစား၊ အတိုးနှုန်း၊ ဝန်ဆောင်ခ အပါအဝင် ကြီးကြပ်မှုကော်မတီမှ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ နိုင်ငံ့ဝန်ထမ်း ၊ ပြင်ပကုမ္ပဏီဝန်ထမ်းများနှင့် မိမိတို့၏ ကုမ္ပဏီဝန်ထမ်းများအား ချေးငွေထုတ်ချေးနိုင်သည်။

၃။ ချေးငွေထုတ်ချေးရာတွင် နိုင်ငံ့ဝန်ထမ်းများ နှင့် သက်ဆိုင်ရာအသေးစားငွေရေးကြေးရေးအဖွဲ့အစည်း၏ ဝန်ထမ်းမဟုတ်သော ပြင်ပကုမ္ပဏီဝန်ထမ်းများအား ချေးငွေထုတ်ချေးခွင့်ကို သတ်မှတ်ချက်များနှင့်အညီ ကြီးကြပ်မှုကော်မတီသို့ တင်ပြအတည်ပြုချက် ရယူပြီးမှသာ ဆောင်ရွက်ရမည်။

၄။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် မိမိတို့ကုမ္ပဏီအတွင်းရှိ ဝန်ထမ်းများအား ချေးငွေထုတ်ချေးရာတွင် ကြီးကြပ်မှုကော်မတီသို့ တင်ပြအတည်ပြုချက်ရယူရန် မလိုအပ်သော်လည်း ဆောင်ရွက်မည့်အစီအစဉ်အား ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၅။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် နိုင်ငံ့ဝန်ထမ်းများသို့ ချေးငွေထုတ်ချေးရာတွင် သက်ဆိုင်ရာဌာန၏ ထောက်ခံချက်/အာမခံချက်ရယူခြင်း၊ သက်ဆိုင်ရာဝန်ထမ်း၏ လစာငွေမှ ပြန်လည်ဖြတ်တောက်ပေးသွင်းစေခြင်း၊ ပေးသွင်းမှုမရှိပါက သက်ဆိုင်ရာဌာနအား ဖိအားပေးဆောင်ရွက်စေခြင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများအရ ဝန်ထမ်းအား အရေးယူစေရန် တွန်းအားပေးခြင်းစသည်တို့ကို ဆောင်ရွက်ခြင်းမပြုရ။

၆။ နိုင်ငံ့ဝန်ထမ်းများအား ချေးငွေထုတ်ချေးမှုသည် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းက ၎င်း၏အသင်းဝင်များသို့ ချေးငွေထုတ်ချေးသကဲ့သို့ အလားတူမှတ်ယူရမည်ဖြစ်ပြီး သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းနှင့် သက်ဆိုင်မှုမရှိစေရ။

၇။ အထက်ဖော်ပြပါ သတ်မှတ်ချက်များအား တိကျစွာ လိုက်နာဆောင်ရွက်ရန်နှင့် လိုက်နာဆောင်ရွက်မှုမရှိပါက အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပါ စီမံခန့်ခွဲရေးနည်းလမ်းများနှင့်အညီ လိုင်စင်ရုပ်သိမ်းသည်အထိ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

စိုးဝင်း

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက-၁ / ဗ (၁၅၈/ ၂၀၂၀)

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၇ ရက်

ဖြန့်ဝေခြင်း

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး

အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် တာဝန်ခံများအားလုံး

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

အမိန့်အရ

၂၇/၁/၂၀၂၀

(ဇော်နိုင်)

အတွင်းရေးမှူး

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ